EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၈၁ ဇွန် ၂၅ ရက်၊ ၂၀၁၉

# ရခိုင်ရှိ မြို့နယ် ၈ ခုတွင် အင်တာနက်လိုင်း အမြန်ဆုံးပြန်လည်သုံးစွဲခွင့်ပြုရန် ပြည်နယ်လွှတ်တော်တွင် အရေးကြီးအဆိုတင်

**ဇွန် ၂၄၊ ၂၀၁၉**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၈ မြို့နယ်တွင် ဒေတာနှင့် အင်တာနက်လိုင်းအား အမြန်ဆုံး ပြန်လည်သုံးစွဲခွင့်ပြုရန် ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းတောင်းဆိုလိုက်ကြောင်း သိရသည်။

ယင်းအဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းအောင် (မင်းပြား-၁) က ဇွန်လ ၂၄ ရက်နေ့က ပြုလုပ်ခဲ့သည့် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်သိန်း (ဘူးသီးတောင်-၂)ကလည်း ထောက်ခံဆွေးနွေးခဲ့ကြောင်း သိရသည်။



**အဆိုရှင် ဦးလှသိန်းအောင်အား တွေ့ရစဉ်။ (ဓာတ်ပုံ- နိရဉ္စရာ)**

"ဒီကနေ့ ရခိုင်ပြည်နယ် (၈) မြို့နယ်မှာ အင်တာနက်လိုင်းတွေကိုဖြတ်တောက်ထားတဲ့ကိစ္စဟာ ကျွန်တော်တို့အတွက် အလွန်တရာမှ စိုးရိမ်ရတဲ့အခြေအနေ ရှိပါတယ်။ ပြည်သူတွေအတွက်ပေါ့လေ။ ဘာအတွက်လဲဆိုရင် ဒီသတင်းမီဒီယာ လွတ်လပ်ခွင့်ရှိဖို့အတွက် ရခိုင်ပြည်နယ်လွှတ်တော်က တောင်းဆိုခဲ့ပါတယ်။ ရခိုင်ပြည်နယ်လွှတ်တော်က တောင်းဆိုခဲ့တာ အတည်ပြုပြီးသားလည်း ဖြစ်ပါတယ်။ ဆိုတော့ ကျွန်တော်တို့ သတင်းလွတ်လပ်ခွင့်ကိုရရှိဖို့အတွက် တောင်းတဲ့နေရာမှာ အခုက အဲဒါကို အကောင်အထည်မဖော်ဘဲ ကျွန်တော်တို့ အမှန်တကယ်စစ်ပွဲဖြစ်ပွားနေတဲ့ဒေသတွေကို သတင်းအမှောင်ချဖို့ကြိုးစားတယ်လို့ မြင်တယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေသခံပြည်သူလူထုတွေဟာ အလွန်တရာ နစ်နာမှုရှိမယ်။ အကြမ်းဖက်မှုတွေ ရှိမယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိမယ်။ စစ်မြေပြင်ကာလမှာ၊ စစ်မက်ဖြစ်ပွားနေတဲ့ကာလမှာ၊ အဲဒါတွေဖြစ်လာမှာကို စိုးရိမ်မိတဲ့အတွက် အဆိုရှင်တင်ခဲ့တဲ့ အဲဒီအဆိုကို ကျွန်တော့်အနေနဲ့ ဆက်လက် ဆွေးနွေးသင့်ကြောင်းဆိုပြီးတော့ ကျွန်တော်ထောက်ခံဆွေးနွေးခဲ့ပါတယ်"ဟု ဦးထွန်းအောင်သိန်းက ဆိုသည်။

ယင်းအဆိုအား ဇွန်လ ၂၆ ရက်နေ့ ကျင်းပမည့် ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ရခိုင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော် (AA) တို့ တိုက်ပွဲများပြင်းထန်နေသည့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့် မြေပုံ စသည့်မြို့နယ် (၈) မြို့နယ်အပြင် ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင်လည်း ဒေသတည်ငြိမ်အေးချမ်းစေရန်ဟုဆိုကာ ယင်းဒေသများတွင် အသုံးပြုနေကြသည့် MPT၊ Telenor ၊ Ooredoo နှင့် Mytel အစရှိသည့် ဆက်သွယ်ရေးကုမ္ပဏီများကို အင်တာနက်လိုင်းများဖြတ်တောက်ထားရန် ဇွန်လ ၂၁ ရက်နေ့ညမှ စတင်ကာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ညွှန်ကြားထားခြင်းဖြစ်သည်။

**(ကိုးကား - https://burmese.narinjara.com)**

# လွှတ်တော်ကိုယ်စားလှယ်များကန့်ကွက်သည့် စီမံကိန်းသုံးခုကို လာမည့် ဘဏ္ဍာရေးနှစ်ဘတ်ဂျက်လျာထားချက်မှ ပယ်ဖျက်

**ဇွန် ၁၉၊၂၀၁၉**

လွှတ်တော်ကိုယ်စားလှယ်များ ကန့်ကွက်သည့် စီမံကိန်းသုံးခုကို လာမည့်ဘဏ္ဍာရေးနှစ် ဘတ်ဂျက်လျာထားချက်မှ ပယ်ဖျက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရက ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှင့် အရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်တွင် အင်းစိန် ဗဟို အကျဉ်းထောင်အနီးရှိ အကျဉ်းဦးစီးဌာနပိုင်မြေ၌ စုပေါင်းရာဇဝတ် တရားရုံးတည်ဆောက်ရန်၊ ရန်ကုန်တိုင်းလွှတ်တော်ရုံးဝင်းအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီမံမှုအောက်ရှိ မြေပေါ်တွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ရုံးဆောက်ရန်နှင့် ကိုကိုးကျွန်းသို့ပြေးဆွဲမည့် သင်္ဘောဝယ်ယူရန်ထည့်သွင်းထားခြင်းကို လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ခြင်းဖြစ်သည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကန့်ကွက်မှုများကို ပြန်လည်သုံးသပ်ပြီးနောက် ယင်းစီမံကိန်းသုံးခုအတွက် သုံးစွဲရန် လျာထားသည့် ကျပ် ၁၆ ဘီလီယံကို အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခွဲဝေသုံးစွဲရန် ဆုံးဖြတ်ခဲ့ကြောင်း ဝန်ကြီးဦးမြင့်သောင်းက ဇွန်လ ၁၈ ရက်၌ ပြုလုပ်သည့် တိုင်းဒေသကြီးလွှတ်တော်တွင် ပြန်လည်ရှင်းလင်းသည်။

"စုစုပေါင်းရငွေနဲ့ စုစုပေါင်းအသုံးစရိတ်ကို မပြောင်းလဲဘဲနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ငွေလုံးငွေရင်းအောက်က လမ်းလုပ်ငန်းများ၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ကို ခွဲဝေလျာထားပေးမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် စုပေါင်းရာဇဝတ် တရားရုံး တည်ဆောက်ရန် ကျပ် ခြောက်ဘီလီယံ၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ရုံး ဆောက်ရန် ကျပ်ငါးဘီလီယံနှင့် ကိုကိုးကျွန်းသို့ပြေးဆွဲမည့် သင်္ဘောဝယ်ယူရန် ကျပ် ငါးဘီလီယံ လျာထားထည့် သွင်းခဲ့သည်။

အဆိုပါလုပ်ငန်းများသည် ရန်ကုန်တိုင်းဒေသကြီးအတွက် အမှန်တကယ် လိုအပ်နေသဖြင့် ထည့်သွင်းရေးဆွဲခဲ့သော်လည်း လွှတ်တော်၏အသံကို လေးစားသည့်အနေဖြင့် လျာထားချက်မှပယ်ဖျက်ခြင်း ဖြစ်သည်ဟု ဝန်ကြီး ချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

**(ကိုးကား - http://7daydaily.com)**

# လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ကို ပြည်သူများက ဆုံးဖြတ်မည်ဟု ပဲခူးတိုင်းလွှတ်တော်ဥက္ကဋ္ဌပြော

**ဇွန် ၁၄၊ ၂၀၁၉**

လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မှတ်တမ်း (MP Report Card) ကို အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်များဖြစ်သည့် ပြည်သူများက ဆုံးဖြတ်မည်ဟု ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ MP Report Card ကို လွှတ်တော်စောင့်ကြည့်ရေး သင့်မြတ်သူများ၏ ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့ (PoPP) က ပြုစုထုတ်ဝေပြီး ဇွန် လ ၁၂ ရက်တွင် လွှတ်တော်ကိုယ်စားလှယ် စွမ်းဆောင်ရည်မှတ်တမ်းစာအုပ်အကြောင်း ရှင်းလင်းတင်ပြခြင်းကို ပဲခူးလွှတ်တော်အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ သည်။

အထက်ပါအခမ်းအနား၌ လွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်ရင်က "ကျောင်းသားတုန်းက Report Card ကို အုပ်ထိန်းသူမိဘက လက်မှတ်ထိုးရတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်များရဲ့ MP Report Card ကို အချုပ်အခြာအာဏာရဲ့မူလပိုင်ရှင် ပြည်သူတွေက ဆုံးဖြတ်လိမ့်မယ်"ဟု ပြောကြားကြောင်း PoPP ပူးတွဲတည်ထောင်သူ ဦးသိန်းမင်းစိုးက ပြောသည်။

ပြီးခဲ့သည့် လွှတ်တော်သက်တမ်းသုံးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ပုံမှန်အစည်းအဝေး ၁၀ ကြိမ်၊ အရေးပေါ် အထူးအစည်းအဝေး ခုနစ်ကြိမ်ခေါ်ယူပြီး ယင်းအချက်အလက်များစုပေါင်း၍ ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မှတ်တမ်း (MP Report Card) ထုတ်ဝေခြင်းဖြစ်ကြောင်း ဦးသိန်းမင်းစိုးက ရှင်းပြသည်။

လွှတ်တော်ကိုယ်စားလှယ် စွမ်းဆောင်ရည်မှတ်တမ်းတွင် ကိုယ်စားလှယ်၏ကိုယ်ရေးအချက်အလက်၊ လွှတ်တော်ရေးရာကော်မတီတာဝန်၊ ရွေးကောက်ပွဲရလဒ်၊ လွှတ်တော်ပုံမှန်အစည်းအဝေးနှင့် အရေးပေါ်အထူးအစည်းအဝေး တက်ရောက်ရာခိုင်နှုန်း၊ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းမှု၊ အဆိုဝင်ရောက်ဆွေးနွေးမှု စသည့် အချက်များ ပါဝင်သည်။

ထို့အပြင် ကိုယ်စားလှယ်၏မေးမြန်းမှုအပေါ် မည်သည့်ဝန်ကြီးဌာနက လာရောက်ဖြေဆိုသည်ဟူသော အချက်၊ ကတိကဝတ်ဖြစ်မှုများကိုလည်း ဖော်ပြသည်။ မေးခွန်းမေးမြန်းမှုကိုလည်း ဒေသဖွံ့ဖြိုးရေး၊ ထိန်းကျောင်း၊ နိုင်ငံသားတိုင်းရင်းသားအခွင့်အရေး၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် မသန်စွမ်းအရေး စသည့်ကဏ္ဍလေးခုဖြင့် ခွဲခြားဖော်ပြထားသည်။


သို့သော် လွှတ်တော်ကိုယ်စားလှယ်များသည် အခြားရေးရာကော်မတီဆောင်ရွက်ချက်များလည်းရှိ၍ MP Report Card ကို သာကြည့်၍ ၎င်းတို့၏သုံးနှစ်တာဆောင်ရွက်ချက်ကိုတိုင်းတာပါက မပြည့်စုံကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မှတ်ချက်ပြုသည်ဟု ၎င်းကဆက်လက်ပြောသည်။

**(ကိုးကား - http://7daydaily.com)**

# ကယားပြည်နယ်အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များ ၃ နှစ်အတွင်း ဆောင်ရွက်ချက်အား သုံးသပ်ခြင်း

**ဇွန် ၂၄၊ ၂၀၁၉**

ကယားပြည်နယ်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးနှင့် ဗမာတိုင်းရင်းသားရေးရာ ကိုယ်စားလှယ်တစ်ဦးရှိရာ (၃) နှစ်တာကာလအတွင်း ဒုတိယအကြိမ်ကယားပြည်နယ် လွှတ်တော်အစည်းအဝေးများတွင် ၎င်းတို့တင်သွင်းမေးမြန်းခဲ့သည့် အဆို/မေးခွန်းများအရေအတွက်နှင့် ကတိကဝတ်ပြုခဲ့သည့် အခြေအနေများကို ကန္တာရဝတီတိုင်း(မ်)က လေ့လာသုံးသပ်ထားသည်။ ပြည်နယ်အစိုးရ၏ ဆောင်ရွက်ရန်ကျန်ရှိမှုအခြေအနေများ၊ ဆောင်ရွက်ဆဲများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကယားပြည်နယ်လွှတ်တော်ရုံးမှ အချက်အလက်အရ သုံးသပ်တင်ပြခြင်းဖြစ်သည်။




## ပြည်နယ်အစိုးရအဆိုများထဲမှ ၈၆ ရာခိုင်နှုန်း ကတိကဝတ်ပြုခဲ့

လွှတ်တော်ကိုယ်စားလှယ်များ အဆိုတင်သွင်းခဲ့သည့်အပေါ် အစိုးရမှ ၁၄ ရာခိုင်နှုန်း ကတိကဝတ်မပြုနိုင်ဟုဆိုသည်။ (၃) နှစ်တာကာလအတွင်း ဒုတိယအကြိမ်ကယားပြည်နယ် လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းခဲ့သည့် အဆိုစုစုပေါင်း ၁၄ ခုရှိခဲ့ပြီး ကတိကဝတ်ဖြစ်ပေါ်စေခဲ့သည့် အဆို ၁၂ ခုရှိသည်။ အဆို ၂ ခုကိုမူ ကတိကဝတ်မပြုနိုင်ခဲ့ပေ။

## ကတိကဝတ်ဖြစ်ပေါ်စေခဲ့သည့် အဆို ၁၂ ခုရှိသည့်အနက် ၈ ရာခိုင်နှုန်း အစိုးရဆောင်ရွက်ရန်ကျန်ရှိ

အထက်ပါဖော်ပြထားသည့် ကတိကဝတ်ပြုထားခဲ့ကြသည့် အဆိုများအထဲမှ ပြည်နယ်အစိုးရ ဆောင်ရွက်ထားရှိမှု အခြေအနေတွင် စုစုပေါင်းအဆို ၁၂ ခုရှိရာ ဆောင်ရွက်ပြီးစီးမှု ၇ ခုရှိခဲ့ပြီး၊ ဆောင်ရွက်ဆဲ ၄ ခုနှင့် ဆောင်ရွက်ရန်ကျန် ၁ ခု ရှိခဲ့ပါသည်။ ဆောင်ရွက်ရန်ကျန်ရှိမှုမှာ ၈ ရာခိုင်နှုန်းရှိသည်။

## ကြယ်ပွင့်ပြမေးခွန်းများထဲမှ ပြည်နယ်အစိုးရ ၃၃ ရာခိုင်နှုန်းသာ ကတိကဝတ်ပြုခဲ့

(၃) နှစ်တာကာလအတွင်း ဒုတိယအကြိမ်ကယားပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် တင်သွင်းမေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများအရေအတွက် စုစုပေါင်း ၁၇၃ ခုရှိခဲ့ပြီး ကတိကဝတ်ဖြစ်ပေါ်စေခဲ့သည့် မေးခွန်း ၈၇ ခုရှိသည်။ ထိုကတိကဝတ်ဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်ပြမေးခွန်းများထဲတွင် ၁၆ ရာခိုင်နှုန်း အစိုးရကဆောင်ရွက်ရန်ကျန်ရှိသည်။

## ကြယ်ပွင့်ပြမေးခွန်းများအပေါ် ၁၆ ရာခိုင်နှုန်း အစိုးရဆောင်ရွက်ရန်ကျန်ရှိ

ပြည်နယ်အစိုးရ၏ (၃) နှစ်တာကာလအတွင်းတွင် ကြယ်ပွင့်ပြမေးခွန်းများအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေတွင် စုစုပေါင်းမေးခွန်း ၈၇ ခုရှိရာ ဆောင်ရွက်ပြီးစီးမှု ၄၆ ခုရှိခဲ့ပြီး၊ ဆောင်ရွက်ဆဲ ၂၇ ခုနှင့် ဆောင်ရွက်ရန် ကျန် ၁၄ ခု ရှိခဲ့ပါသည်။ ရာခိုင်နှုန်းအားဖြင့်ဆိုလျှင် ဆောင်ရွက်ရန်ကျန် ၁၆ ရာခိုင်နှုန်းရှိသည်။

အထက်ပါဇယားကိုကြည့်လျှင် ကြယ်ပွင့်ပြမေးခွန်းထဲမှ ကတိကဝတ်ပြုခဲ့ကြသည့် ဝန်ကြီးဌာနသည်လည်း တိုင်းစည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန အများဆုံးဖြစ်သည်။ လုံးဝမေးခွန်းလည်းမရှိ အဆိုလည်းမရှိ ကတိကဝတ်မရှိသည့်ဌာနမှာ ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီးဌာနပင်ဖြစ်သည်။

## ကြယ်ပွင့်မပြမေးခွန်းများကို ၁၆ ရာခိုင်နှုန်းမျှသာ ကတိကဝတ်ပြုခဲ့

ပြည်နယ်အစိုး(၃)နှစ်သာအတွင်း ကြယ်ပွင့်မပြမေးခွန်းများအရေအတွက် စုစုပေါင်း ၄၂ ခုရှိခဲ့ရာ ၁၆ ခုကိုသာ ကတိကဝတ်ပြုခဲ့သည်။ ၁၆ ရာခိုင်နှုန်းမျှသာ ကြယ်ပွင့်မပြမေးခွန်းများအပေါ် ကတိကဝတ်ပြုခဲ့ခြင်းဖြစ်သည်။ ယင်းကတိကဝတ် ၁၆ ခုတွင် ဆောင်ရွက်ပြီးစီးမှု ၈ ခုရှိခဲ့ပြီး ဆောင်ရွက်ဆဲ ၆ ခုနှင့် ဆောင်ရွက်ရန်ကျန် ၂ ခုရှိခဲ့သည်။ ထို့ကြောင့် ဆောင်ရွက်ရန် ၁၃ ရာခိုင်နှုန်း ကျန်ရှိသည်။

ကြယ်ပွင့်မပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှုအခြေအနေတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနတို့က အများဆုံးဖြစ်သည်။ ကျန်သည့် ဝန်ကြီးဌာနများမှာ အနည်းအကျဉ်းရှိနေပြီး လုံးဝမရှိသည့် ဝန်ကြီးဌာနမှာ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာနဖြစ်သည်။

**(ကိုးကား:-https://www.kantarawaddytimes.org)**